**ချင်းပြည်နယ်နှင့် မြန်မာနိုင်ငံအနောက်ဘက်ခြမ်းတွင် လက်ရှိဖြစ်ပျက်နေသော သဘာဝဘေးအန္တရာယ်နှင့် ပတ်သက်၍ ချင်းလူ့အခွင့်အရေးအဖွဲ့(CHRO) နှင့် ချင်းအမျိုးသားတပ်ဦး (CNF) တို့မှ ပူးတွဲထုတ်ပြန်ချက်**

၂၀၁၅ ခုနှစ်၊ ဩဂုတ်လ (၁) ရက်

ချင်းလူမျိုးများ၏ သမိုင်းတွင် အဆိုးရွားဆုံးဟု ယူဆရသော ရာသီဥတု ပြောင်းလဲမှုဆိုးကျိုးကြောင့် ဖြစ်ပျက်နေသည့် သဘာဝဘေးအန္တရာယ်နှင့် ပတ်သက်၍ အရေးပေါ် အစည်းဝေးကို ရန်ကုန်မြို့တွင် ကျင်းပရာ ချင်းအမျိုးသားတပ်ဦး(CNF)နှင့် ချင်းလူ့အခွင့်အရေးအဖွဲ့(CHRO)မှ အောက်ပါ သဘောထားများကို ပူးတွဲထုတ်ပြန်အပ်ပါသည်။

အဆက်မပျက် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ထောင်နှင့်ချီ အိုးမဲ့အိမ်မဲ့ဖြစ်ကာ ဒုက္ခပေါင်းများစွာနှင့် ထွက်ပြေတိမ်းရှောင်နေကြသော ချင်းပြည်သူများအတွက် နစ်ဖက်သော အဖွဲ့အစည်း အနေဖြင့် အလေးအနက် စိုးရိမ်မကင်းဖြစ်ပါသည်။

ရရှိထားသော သတင်းအချက်လက်များအရ ချင်းပြည်နယ်အပါအဝင် ချင်းလူမျိုးများနေထိုင်သည့် စစ်ကိုင်းတိုင်း၊ မကွေးတိုင်းနှင့် ရခိုင်ပြည်နယ်တို့တွင် အလွန်အကျွံ ရေကြီးခြင်းနှင့် မြေပြိုခြင်းတို့ကြောင့် ပြည်သူများထွက်ပြေးတိမ်းရှောင်နေရပါသည်ဟု သိရှိရပါသည်။

ချင်းလူမျိုးများအနေဖြင့် ယခုလို ခက်ခဲသည့်ကာလတွင် စိတ်ဓာတ်ခိုင်မာရန်နှင့် စည်းလုံးညီညွတ်ဖို့ရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ထောင်ပေါင်းများစွာသောဒုက္ခသည်များ ပြန်လည်နေရာချထားရေးနှင့် ထိရောက်သော ကယ်ဆယ်ရေးများ ဆောင်ရွက်နိုင်ရန် ပြည်နယ်အစိုးရနှင့် ပြည်ထောင်စုအစိုးရအနေဖြင့် အမြန်ဆုံးနှင့် အထိရောက်ဆုံး ဆောင်ရွက်ပြီး၊ ပြည်တွင်းပြည်ပ ကယ်ဆယ်ရေးအဖွဲ့များကိုလည်း အတားအဆီးမရှိ လွတ်လပ်စွာ ဝင်ရောက် ကူညီခွင့်ပြုပေးရန်အတွက် တိုက်တွန်းအပ်ပါသည်။

နိုင်ငံတကာရှိ ချင်းလူမျိုးများနေဖြင့် သဘာဝဘေးအန္တရာယ်ဒုက္ခသည်များကို အဖက်ဖက်မှ ကူညီပံ့ပိုးပေးကြပါရန် တိုက်တွန်းအပ်ပါသည်။

နိုင်ငံတကာ အဖွဲ့အစည်းများအနေဖြင့် ဒုက္ခရောက်နေသော ချင်းပြည်သူများအတွက် အချိန်မှီ ကယ်ဆယ်ရေးနှင့် ကူညီထောက်ပံ့မှုများပေးရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။


**ဆက်သွယ်ရန်**

**ဒေါက်တာရွှေခါး**

အထွေထွေအတွင်းရေးမှူး (၂)၊ ချင်းအမျိုးသားတပ်ဦး (၀၉၄-၀၀၅-၁၁၉၉၉ (သို့ ) suikhar@hotmail.com)

**ဆလိုင်းဗန်ဗျက်ထန်း**

မီဒီယာတာဝန်ခံ၊ ချင်းလူ့အခွင့်အရေးအဖွဲ့ (၀၉၂-၆၃၀-၇၅၅၄၀ (သို့ ) vbthang@chro.ca)